ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ အီးအိုင်အေ- RGE (၁၄၆၄ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်

အကြောင်းအရာ။ ကြားကာလအကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်များအား သက်တမ်းတိုးနိုင်ကြောင်း အကြောင်းကြားခြင်းကိစ္စ

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၇ (က) အရ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြားကာလအကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အထောက် အထားလက်မှတ်များ ထုတ်ပေးခဲ့သည့် ပုဂ္ဂိုလ် (၂၅၇) ဦးနှင့် အဖွဲ့အစည်း (၇၂) ဖွဲ့တို့၏ ကြားကာလ အကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်များသည် (၃၀-၆-၂၀၂၁) ရက်နေ့တွင် သက်တမ်း ကုန်ဆုံးပြီး ဖြစ်ပါသဖြင့် (၁-၇-၂၀၂၁) ရက်နေ့မှ (၃၁-၁၂-၂၀၂၁) ရက်နေ့အထိ သက်တမ်းတိုးမြှင့် ပေးနိုင်ရေးအတွက် ထုတ်ပေးခဲ့သည့် ကြားကာလအကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ် (မူရင်း) နှင့်တကွ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြ လျှောက်ထားရန် အကြောင်းကြား အပ်ပါသည်။

၇.၉.၂၀၂၁

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်ရရှိပြီးသူအားလုံး၊

မိတ္တူကို
- ညွှန်ကြားရေးမှူး (လူ့စွမ်းအား)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ (ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ Facebook / Website များတွင် လွှင့်တင်ပေးနိုင်ပါရန်)
- ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်အားလုံး

- ဥက္ကဋ္ဌ၊ မြန်မာပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းဆိုင်ရာအသင်း (MEAA)
- ရုံးလက်ခံ၊ မျှောစာတွဲ